**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (048/2010)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၄၈/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့မှ ဒီဇင်ဘာလ (၂၅) ရက်နေ့အထိ

နအဖ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

## အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်

- ပြည်တွင်း သတင်းမီဒီယာများ၏ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမေးမြန်းခန်းများမှ သူမ၏လက်ရှိနိုင်ငံရေးအပေါ် ရှုမြင်ချက်များနှင့် ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များအကြောင်းကို စာပေစိစစ်ရေးက ပယ်ချထားသော်လည်း နေပြည်တော် ရှိ စစ်ဗိုလ်ချုပ်များက စိတ်ဝင်တစား သေချာစွာ လေ့လာဖတ်ရှုနေကြကြောင်း နေပြည်တော်ပြန်ကြားရေးဝန်ကြီး ဌာနမှ အရာရှိတစ်ဦးက ပြောသည်။ **(Irrawaddy 231210)** **Read More...**

## ရွေးကောက်ပွဲကော်မရှင်

- ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲအသုံးစရိတ်ကို လာမည့် ဇန်နဝါရီလ မတိုင်မီ ရွေးကောက်ပွဲ ကော်မရှင်ထံသို့ တင်ရမည်ဖြစ်ပြီး သတ်မှတ်ရက်အတွင်း မတင်ပါက ကိုယ်စားလှယ်လောင်းအဖြစ်မှ ရုပ်သိမ်းပြီး နာမည်ပျက်စာရင်း ကြေညာမည်ဆိုသော်လည်း ရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အတွက် စာရင်းလိမ်ကာ အသိအမှတ်ပြုပေးနေသည်ဟု ဒီမိုကရက်တီပါတီ (မြန်မာ) မှ ဦးသုဝေက ဝေဖန်ပြော ဆိုလိုက်သည်။ **(Irrawaddy 221210)** **Read More...**

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

- ရွေးကောက်ပွဲအပြီး လွှတ်တော်အမတ်နေရာအများစု အနိုင်ရရှိသည်ဟု ထုတ်ပြန်ထားသော ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ **(USDP)** ဝင်များကို ရပ်ကွက်၊ မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေး ယန္တရားများတွင် အစားထိုးခန့် အပ်မည်ဖြစ်ကြောင်း မြို့နယ် **USDP** ဥက္ကဋ္ဌ တစ်ဦးက ပြောသည်။ **(Irrawaddy 211210)** **Read More...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ အမတ်လောင်းများက ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ် ပါတီ (ကျားဖြူပါတီ)၏ ရှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းမဲဆန္ဒနယ်(၁)မှ ရွေးကောက်ခံအမတ် စိုင်းမွန်းခေါ်၊ စိုင်းကျော်ထွန်းနှင့်



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်မှ ရွေးကောက်ခံ အမတ် စိုင်းဇော်ထွန်းတို့၏ အနိုင်ရမဲကိစ္စများနှင့်ပတ်သက်ပြီး တိုင်းတန်းစွပ်စွဲလာသည်ဟု ကျားဖြူပါတီက ဆိုသည်။ **(Mizzima 221210)** [Read More...]

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ၏ နေပြည်တော် တံခါးပိတ်အစည်းအဝေးတွင် ပါတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် တစ်နိုင်ငံလုံးရှိ ကိုယ်စားလှယ် ၄၀၀ ခန့် တက်ရောက်ပြီး အနာဂတ်လုပ်ငန်းစဉ်များ၊ လွှတ်တော်၌ ပြောဆိုကြမည့် အကြောင်းအရာများ၊ ပေါ်ပေါက်လာမည့်လွှတ်တော်ထဲ၌ တာဝန်ခွဲဝေယူရေး အပါအဝင် လာမည့်အစိုးရသစ်တွင် တာဝန်ယူသွားကြမည့် ရာထူးများအကြောင်းကို အဓိကဆွေးနွေးကြသည်ဟု အဆိုပါအစည်းအဝေးတက်ရောက်နေသူ ပါတီကိုယ်စားလှယ် ဇေကမ္ဘာ ဦးခင်ရွှေက ပြောသည်။ **(Irrawaddy 231210)** [Read More...]
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ရခိုင်ပြည်နယ် ဂီရိမုန်းတိုင်းဒဏ်သင့်မြို့နယ် ၄ နေရာတွင် တစ်နေရာမှ အနိုင်မရဘဲ အကြီးအကျယ် အရှုံးပေါ်ခဲ့သဖြင့် **USDP** အတွင်းရေးမှူး ဦးကျော်ရင်နှင့် ဒေါက်တာစန်းရွှေတို့က လွန်စွာ စိတ်နာကာ လေးဘေးသင့်ရခိုင်ပြည်သူများကို တစုံတရာကူညီရန် တင်ပြတိုင်း ပယ်ချခံရကြောင်း **USDP** နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(Narinjara 221210)** [Read More...]

## [အတိုက်အခံအဖွဲ့အစည်းများ]

## (က) ပြည်တွင်းအင်အားစုများ

- ၂၀၁၁ ခုနှစ်တွင် အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးဖြစ်စဉ်တစ်ခုပေါ်လာရန်အတွက် အားလုံးမှဝိုင်းဝန်း ကြိုးစားကြရန်နှင့် ၂၀၁၁ ခုနှစ် သည် အရေးကြီးသောနှစ် တစ်နှစ်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ **(BBC 191210)** [Read More...]
- ဒေါ်အောင်ဆန်းစုကြည်၏ သတင်း၊ ဓါတ်ပုံ၊ ဗီဒီယိုစသည်တို့ကို ကမ္ဘာက ပုံစံမျိုးစုံဖြင့် တင်ပြနေချိန်တွင် စစ်အစိုးရက ပြည်တွင်းစာနယ်ဇင်းသမားများကို ရေးသားဖော်ပြခြင်းမပြုရန် ကန့်သတ်ချုပ်ချယ်မှုပြုလုပ်နေခြင်းသည် ရှက်စရာကောင်းလှသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က ဝေဖန်ပြောဆိုလိုက်သည်။ **(Mizzima 201210)** [Read More...]
- ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် လူထုအခြေပြု လူမှုရေးအဖွဲ့အစည်းများ၏ လိုအပ်ချက်များကို ကူညီပေးနိုင် လိမ့်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်များက မျှော်လင့်နေကြောင်း၊ သူမအနေဖြင့်လည်း မကြာမီလူငယ်များနှင့်တွေ့ဆုံသွား ရန်ရှိကြောင်း **(NLD)** ပြန်ကြားရေးအဖွဲ့ဝင် ဦးအုံးကြိုင်က ပြောသည်။ **(Irrawaddy 201210)** [Read More...]
- ရန်ကုန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်၌ အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်တို့က ပြည်ထောင်စု (ပင်လုံ) စိတ်ဓာတ်၏ အရေးကြီးကြောင်းနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးဖြစ်သည့် ဒုတိယ (ပင်လုံ) စိတ်ဓာတ်အကြောင်းကို တက်ရောက်လာသောလူငယ် ၁၀၀ ကျော်အား ဟောပြောခဲ့သည်ဟု ဦးဝင်းတင်က ပြောသည်။ **(Mizzima 231210)** [Read More...]
- အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ချမှတ်ကျင့်သုံးနေသည့်မူဝါဒကို မြန်မာနိုင်ငံတွင် လက်ရှိပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်ရေးအတွက် အပြောင်းအလဲလုပ်ရန် သုံးသပ်သင့်ပြီဟု ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ **(VOA 231210)** [Read More...]
- မြန်မာနိုင်ငံတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဖြစ်ပေါ်ရန်အတွက် စစ်အစိုးရအပါအဝင် သက်ဆိုင်သူများ အားလုံးနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လိုသည်ဟု ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ပြောဆိုလိုက်သည်။ **(VOA 231210)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့က လာမည့် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပနိုင်ရေးအတွက် ဒီဇင်ဘာလ ၂၄ ရက်နေ့က အဖွဲ့ချုပ်ရုံးချုပ်တွင် ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့သည်ဟု ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(DVB 241210)** [Read More...]
- ချင်းပြည်နယ်မှ ဦးဇော်ဘွဲ့ ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ချင်းပြည်နယ်အတွင်း ကြုံတွေ့နေရသော အစာရေစာရှားပါးမှု ပြဿနာများအကြောင်းကို



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

ဒီဇင်ဘာ ၂၂ ရက်နေ့က အဖွဲ့ချုပ်ရုံးတွင် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်ဟု အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(DVB 221210)** Read More...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ဒီဇင်ဘာလ ၁၇ ရက်နေ့က အပစ်ရပ်သျှမ်းပြည်တပ်မတော် တပ်စခန်းအား နအဖစစ်တပ်မှ အလစ်တိုက်ခိုက် နေချိန်တွင် သျှမ်းတပ်ဖွဲ့မှလည်း အင်အား ၆၀ ကျော်ရှိသည့် နအဖစစ်ကြောင်းအား မိုင်းတုံမြို့နယ် မဲ့ကဲင်အုပ်စုနှင့် နားပါကောဝ် အုပ်စုကြားတွင် ခြုံခိုတိုက်ခိုက်ခဲ့ကြောင်း သျှမ်းတပ်ဖွဲ့နှင့်နီးစပ်သည့် စစ်ရေးလေ့လာသူတစ်ဦးက ပြောသည်။ **(S.H.A.N 201210)** Read More...
- ရှမ်းပြည်တပ်မတော် မြောက်ပိုင်း **SSA-N** တပ်မဟာ ၁ ဒေသနှင့် ပြည်သူ့စစ်အသွင်းပြောင်းထားသည့် တပ်မဟာ ၇ ဒေသတို့အကြား ကူးပြောင်းဆက်ဆံမှုများနှင့် ရှမ်းပြည်တပ်မတော် တောင်ပိုင်း **SSA-S** နှင့် ဆက်ဆံရေးတိုးချဲ့ စစ်ကူပို့ခြင်းများကို ဖြတ်တောက်ရန်အတွက် စစ်အစိုးရဘက်မှ တပ်အင်အားများ တိုးချဲ့လာကြောင်း သျှမ်းသံတော်ဆင့် သတင်းစဉ်မှ အယ်ဒီတာ ဦးစိန်ကြည်က ပြောသည်။ **(Irrawaddy 211210)** Read More...
- ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် သုံးဆယ်သုံးဆူကျေးရွာအနီးတွင် ဒီဇင်ဘာလ ၁၉ရက်နေ့က နအဖ ခမရ (၅၄၅)တပ်ဖွဲ့နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ **(KNLA)** တပ်ရင်း(၁၈)တပ်ဖွဲ့ဝင်များအကြား ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးများက အန်ကောင်ကျေးရွာ အတွင်းသို့ ကျရောက်ခဲ့သည့်အတွက် အမျိုးသမီး ၁ ဦး အပါအဝင် ရွာသူရွာသား ၃ ဦး ဒဏ်ရာရရှိသွားသည်။ **(KIC 211210)** Read More...
- ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မာနယ်ပလောဒေသတွင် ဒီဇင်ဘာ ၂၂ ရက်နေ့ မနက်ပိုင်း၌ ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော် **(KNLA)** တပ်ရင်း ၂၀၂ တပ်ဖွဲ့ဝင်များနှင့် နအဖ ခြေမြန်တပ်ရင်း (ခမရ) ၆၁ တပ်ဖွဲ့ဝင်များ အကြား ပြောက်ကျား တိုက်ပွဲငယ်များ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း ကရင်အမျိုးသားအစည်းအရုံး **KNU** ဘားအံခရိုင် ဥက္ကဋ္ဌ ဖဒိုစောအောင်မော်အေးက ပြောသည်။ **(Irrawaddy 221210)** Read More...
- ကရင်အမျိုးသားအစည်းအရုံး **KNU** ၏ တတိယအကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မတီ နှစ်ပတ်လည် အစည်းအဝေး တွင် ၂၀၁၀ ရွေးကောက်ပွဲအပြီးကာလ ဖြစ်ပေါ်လာနိုင်မည့် စစ်ရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ အခက်အခဲများကို ပြန်လည်သုံးသပ်ကာ ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၁ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(KIC 221210)** Read More...
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နေ့စဉ်ထုတ် **'The Daily Jugantor'** သတင်းစာတစ်စောင်က ရေးသားဖေါ်ပြခဲ့သော မြန်မာ နိုင်ငံမှ မူဆလင် လက်နက်ကိုင် တပ်ဖွဲ့များ ဖြစ်ကြသည့် **RSO** နှင့် **ARNO** တို့ ဒီဇင်ဘာလ ၁၇ ရက်နေ့က ကိုယ်စားလှယ် ၁၀၀ လျှို့ဝှက် တွေ့ဆုံဆွေးနွေးမှုသည် မဟုတ်မှန် ကြောင်း **ARNO** ၏ စစ်ဦးစီးချုပ်ဖြစ်သူ ဦးဆောလိမ်က ငြင်းဆိုလိုက်သည်။ **(Narinjara 221210)** Read More...
- သံလွင်မြစ်ပေါ်ရှိ ရေကာတာဆောက်လုပ်ရေး စီမံကိန်းတစ်ခုသို့ သွားရောက်ရန် လာသောစစ်အစိုးရတပ် ယာဉ်တန်း တစ်ခုကို ကရင်နီပြည် တိုးတက်ရေးပါတီ **(KNPP)** အဖွဲ့က ကယားပြည်နယ် ဖရူးဆိုးမြို့ နယ်အတွင်းတွင် ဒီဇင်ဘာလ ၂၃ ရက်နေ့၌ ချုံခိုတိုက်ခိုက်ခဲ့ရာ တရုတ်နိုင်ငံသား ဆောက်လုပ်ရေး လုပ်သားများအပါအဝင် အနည်းဆုံး ၃ ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရမှုများရှိခဲ့သည်ဟု **KNPP** အတွင်းရေးမှူး–၁ ခူးဦးရယ်က အတည်ပြုပြောကြားလိုက်သည်။ **(VOA 241210)** Read More...

## (ဂ) နယ်စပ်အခြေစိုက်အဖွဲ့အစည်းများ

- မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ) ခေါ် **ABSDF** အဖွဲ့ကို အမေရိကန်နိုင်ငံ **US Homeland Security Department** မှ စက်တင်ဘာလ ၁၁ ရက် တိုက်ခိုက်မှုနောက်ပိုင်း အကြမ်းဖက် အဖွဲ့အစည်း အဖြစ် သတ်မှတ်ခဲ့ရာမှ အခုအခါ ပယ်ဖျက်ပေးလိုက်သည်ဟု **ABSDF** ဥက္ကဋ္ဌဟောင်း ဦးထွန်းအောင်ကျော်က ပြောသည်။ **(BBC 231210)** Read More...



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## (ဃ) ပြည်ပအင်အားစုများ

- နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ရေနံနှင့် သဘာဝဓါတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများတွင် ရင်းနှီးမြုပ်နှံ လုပ်ကိုင်နေခြင်းကို ပြန်လည်ရုတ်သိမ်းပေးရေးအတွက် အော်စလိုမြို့ နော်ဝေပါလီမန်ရှေ့တွင် မြန်မာ့ဒီမိုကရေစီအင်အားစု တစ်ခုဖြစ်သော အမျိုးသားပြန်လည်သင့်မြတ်ရေး လှုပ်ရှားမှုကော်မတီအဖွဲ့ဝင် ၁၅ ဦးက ဒီဇင်ဘာ ၂၁ ရက်နေ့ နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ အစာတော်ခံဆန္ဒပြ တောင်းဆိုခဲ့ကြသည်ဟု ပါဝင်ခဲ့သူ ကိုသူရိန်က ပြောသည်။ **(DVB 221210)** **Read More . . .**
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ **NLD-LA** နယ်သာလန်ဌာနခွဲက နော်ဝေအစိုးရကို မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံထားသော ရေနံနှင့်သဘာဝဓါတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများအပါအဝင် စစ်အစိုးရနှင့် စီးပွားရေးပူပေါင်း ဆောင်ရွက်မှုများကို ပြန်လည်ရုတ်သိမ်းပေးရန် ဒီဇင်ဘာ ၂၂ ရက်နေ့က နယ်သာလန်နိုင်ငံရှိ နော်ဝေသံရုံးထံ အိတ်ဖွင့် ပေးစာ ပေးပို့တောင်းဆိုလိုက်သည်။ **(DVB 221210)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- ကရင်ပြည်နယ် မြဝတီမြို့နယ် တောင်ဘက်ရှိ ဖလူးကျေးရွာဒေသတဝိုက်တွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် လက်အောက်ခံ ခြေမြန်တပ်ရင်း (ခမရ) ၅၄၇ တပ်နှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** တပ်တို့ ဒီဇင်ဘာလ ၁၉ ရက်နေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ ၇ ဦး ကျဆုံး၍ ၁၃ ဦးခန့် ဒဏ်ရာ ရရှိခဲ့ကြောင်းနှင့် **DKBA** ဘက်မှ ၁ ဦး ကျဆုံး၍ တပ်မှူးတစ်ဦးအပါအဝင် ၅ ဦးခန့် ဒဏ်ရာရရှိသွားသည်ဟု **DKBA** တပ်မဟာ ၅ မှ ဗိုလ်ကြီး စောသရီးထူးက ပြောသည်။ **(Irrawaddy 201210)** **Read More...**
- ကရင်ပြည်နယ်တွင် နယ်ခြားစောင့်တပ်ပြောင်းရေး လက်မခံသော တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် **DKBA** နှင့် စစ်အစိုးရတပ်များ ၄ ရက်မြောက် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေကြောင်း **DKBA** ဗဟိုဆက်သွယ်ရေးဌာနချုပ်မှ ဗိုလ်မှူးချစ်စရာက ဒီဇင်ဘာလ ၂၁ ရက်နေ့က ပြောကြားလိုက်သည်။ **(Mizzima 211210)** **Read More...**
- ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** က ဖားကန့်ကျောက်စိမ်းမှော်များတွင် ၁၆ နှစ်ကြာအခွန်ကောက်ခံမှုရပ်တန့်ထားရာမှ ဒီဇင်ဘာလဆန်းမှစတင်ပြီး ၄င်းထိန်းချုပ်ရာ ဖားကန့်မြို့နယ် ဂင်ဆီ ဆိုင်းရာ **(Gin Si Seng Ra)** ကျေးရွာစသည့် ကျောက်စိမ်းမှော်များအပြင် အခြား စစ်အစိုးရ ထိန်းချုပ်နယ်မြေတစ်ချို့တွင်လည်း အခွန်ကောက်ခံနေပြီဖြစ်ကြောင်း အမည်မဖော်လိုသူ **KIO** အထက်အရာရှိတစ်ဦးက ပြောသည်။ **(KNG 211210)** **Read More...**
- အကြောင်းရင်းမသိရှိရပဲ ကုန်တင်ကားများ ဖြတ်သန်းခွင့်ပိတ်ပင်ထားသည့် အမျိုးသားဒီမိုကရက်တစ် မဟာ မိတ်တပ်ပေါင်းစု – ရှမ်းပြည်အရှေ့ပိုင်း **NDAA - ESS** မိုင်းလားအထူးဒေသ (၄) နှင့် ရှမ်းအရှေ့မြို့တော် ကျိုင်းတုံသို့ ဆက်သွယ်ထားသော နမ့်လွေ့မြစ်တံတားနယ်ခြား တာ့ပင်းဂိတ်အား နအဖဘက်မှ ပြန်လည်ဝင်ထွက် ခွင့်ပြုလိုက် သည်ဟု မိုင်းလားအရာရှိတစ်ဦးက ပြောပါသည်။ **(S.H.A.N 211210)** **Read More...**
- ကရင်ပြည်နယ် မြဝတီခရိုင် ဝေါ်လေဒေသ ဖလူးလေးကျေးရွာထိပ်ရှိ နအဖ ခမရ(၃၁၀)တပ်ရင်းကို တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** တပ်မဟာ ၅၊ ၉၀၂ တင်ရင်းမှ တပ်ဖွဲ့ဝင်များက ဒီဇင်ဘာလ ၂၂ ရက်နေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် သွားရောက်ပစ်ခတ်ရာ နအဖဘက်မှ ၂ ဦးသေပြီး ၂ ဦးဒဏ်ရာရရှိသွားသည်ဟု **DKBA** တပ်မဟာ ၅၊ (၉၀၂)တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးစောကျော်သက်က ပြောသည်။ **(KIC 221210)** **Read More...**
- ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ရှိ မွန်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၏ တတ်ဖွဲ့ဝင်အင်အား ၆၀ ခန့်ရှိ နယ်စပ်အရံ တပ်ဖွဲ့ကို မွန်ပြည်သစ်ပါတီ **NMSP** က ဖျက်သိမ်းလိုက်ပြီး ထိန်းချုပ်နယ်မြေအတွင်းရှိ အရံတပ်ဖွဲ့များကို ယခင်အတိုင်း ဆက်လက်ထားရှိမည်ဟု **NMSP** ပြည်ပရေးရာဌာနတာဝန်ခံ နိုင်တလညီက ပြောသည်။ **(IMNA 221210)** **Read More...**



pdfMachine
Is a pdf writer that produces quality PDF files with ease!
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ကချင်ပြည်နယ်၊ မေခမြစ်ပေါ်တွင် တည်ဆောက်မည့် ချီဖွေရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဖွင့်ပွဲ၏ လုံခြုံရေးကို အကြောင်းပြကာ ကချင်ပြည်လွတ်လပ်ရေးတပ်မတော် **(KIA)** နယ်မြေထဲ တိတ်တဆိတ်ချဉ်းကပ်လာသော ဗိုလ်မှူးတစ်ဦး ဦးဆောင်သည့် နအဖ ခလရ (၂၆၀) စစ်ကြောင်းကို **KIA** ဘက်မှ ပြန်လည် မောင်းထုတ်ခဲ့ရသည်ဟု **KIA** နှင့်နီးစပ်သူ မြစ်ကြီးနားဒေသခံတစ်ဦးက ပြောသည်။ **(DVB 221210)** [Read More...]
- ကရင်ပြည်နယ် မြဝတီမြို့နယ် ဖလူးဒေသတွင် တပ်စွဲထားသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **(DKBA)** ဗျူဟာ (၁) နှင့် ဗျူဟာ (၂) တပ်ဖွဲ့ဝင်များကို ချေမှုန်းရန် ထိုင်းနိုင်ငံ တဖက်ကမ်း မဲဆောက် အပိုင် မဲ့ကိုကင်းရွာမှတဆင့် ဝင်ရောက်လာမည့် နအဖ တပ်ဖွဲ့ဝင် (၅၀) ခန့်ကို ဒီဇင်ဘာ ၂၂ ရက်နေ့ ည ၈ နာရီတွင် လက်ဦးမှု ယူ၍ ပြန်လည်တိုက်ခိုက်ခဲ့ရသည်ဟု **DKBA** ဗျူဟာ(၁)မှူး ဗိုလ်မှူးကြီး ကျော်သက်က ပြောသည်။ **(Irrawaddy 231210)** [Read More...]
- ပြည်သူ့စစ်အသွင်ပြောင်းရေး ငြင်းဆန်ထားသော အပစ်ရပ် ရှမ်းပြည်တပ်မတော် **SSA** တပ်မဟာ ၁ ဌာနချုပ်၌ မိခင် ရှမ်းပြည်တပ်မတော်အမည်ဖြင့် ဆက်လက်ရပ်တည်နိုင်ရန်အတွက် ဗဟိုဦးဆောင်ကော်မတီ ပြန်လည်ဖွဲ့စည်းရေး အစည်းအဝေး ပြုလုပ်နေကြောင်း မိုင်းရှူးရောက် ဝမ့်ဟိုင်းဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 231210)** [Read More...]
- ဝပြည်သွေးစည်းညီညွတ်ရေးပါတီ **UWSP** က ခရိုင်အဆင့်ညီလာခံကို ၅ ရက်ကြာကျင်းပခဲ့ပြီး ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များကို နောက်တက်လာမည့်အစိုးရသစ်နှင့်ဆွေးနွေးမည်ဟု ဒု–ဥက္ကဋ္ဌ လျောင်မီလျံက ပြောသည်။ **(DVB 231210)** [Read More...]

## နယ်ခြားစောင့်တပ် (သို့) ပြည်သူ့စစ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ပြည်သူ့စစ်အသွင်ပြောင်းရန် သဘောတူထားသည့် အပစ်ရပ် **SSA** တပ်မဟာ ၇ ဌာနချုပ် ကွန်ဟိန်းမြို့နယ် ကာလိကျေးရွာအုပ်စုနှင့် မိုင်းရှူးမြို့နယ် မိုင်းဇုန်ကျေးရွာအုပ်စု ၂ ခုအား ဒီဇင်ဘာ ၁၇ ရက်နေ့က ရပခ တိုင်းမှူး ဗိုလ်မှူး ချုပ် ဆန်းဦးနှင့်အဖွဲ့ လာရောက်စစ်ဆေးပြီး အစိုးရဌာနပေါင်းစုံထားရှိရေးအတွက် မြို့နယ်ခွဲအဆင့် တိုးမြှင့်ဖွဲ့စည်း သွားမည်ဟု ပြည်သူ့စစ်ခေါင်းဆောင်နှင့် နီးစပ်သည့်အသိုင်းအဝိုင်းက ဆိုသည်။ **(S.H.A.N 211210)** [Read More...]

## နိုင်ငံရေးပါတီများ

## ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ

- အမျိုးသားဒီမိုကရေစီအင်အားစု ပါတီက လွှတ်တော်ကော်မတီတစ်ရပ် ဖွဲ့စည်းလိုက်ပြီး လွှတ်တော်ထဲ၌ ပါတီအဆိုပြု မူကြမ်း ၃၅ ခုမှ ၁၀ ခုကို ရွေးထုတ်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းနိုင်ရန် အပါတ်စဉ် တိုင်ပင်ဆွေး နွေးပွဲများ ပြုလုပ်မည်ဟု ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ **(BBC 191210)** [Read More...]
- အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ရည်ရွယ်ချက်တွင် ပါဝင်သော အင်းလေးကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးဆိုသည့်အချက်ကို အဓိကထားထည့်သွင်းစဉ်းစားကာ ပါတီစီးပွားရေးလုပ်ငန်များအဖြစ် သစ်မွေး၊ ယမနေသားစသည့် စီးပွားဖြစ် အပင်မျိုးကိုအဖွဲ့အစည်းတစ်ရပ်ဦးဆောင်ပြီး စုပေါင်းကာ ကုမ္ပဏီတစ်ခုထူထောင်လုပ်ကိုင် သွားမည်ဟု ပါတီအထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်ဝင်းက ပြောသည်။ **(DVB 211210)** [Read More...]
- ရွေးကောက်ပွဲဝင် ကိုယ်စား လှယ်များ၏ ကုန်ကျစရိတ်နှင့် ကျမ်းကျိန်လွှာတင်သွင်းရန်အတွက် ဒီမိုကရက် တစ်ပါတီ (မြန်မာ)က ပြင်ဆင်နေပြီး  ဒီဇင်ဘာလ ၃၁ ရက်မတိုင်မီ ကော်မရှင်ထံ တင်သွင်းသွား မည်ဟု ပါတီ ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ **(Popular News 221210)** [Read More...]
- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** မှ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသား ဒီမိုကရေစီရုံးချုပ် **NLD** တွင် လာရောက်တွေ့ဆုံမည်ဖြစ်ပြီး **NDF** ပါတီတည်ထောင်ရသည့်ရည်ရွယ်ချက်ကို  ရှင်းလင်း ပြောကြားမည်ဖြစ်ကြောင်း **NDF** ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ **(DVB 231210)** [Read More...]



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ရွေးကောက်ခံ သဃ်ိန်းကျွန်း အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ကိုယ်စားလှယ် ၄ ဦးသည်ပါတီမှထုတ်ပယ်ခြင်းခံထား ရသော်လည်း ပြည်ထောင်စုကော်မရှင်ထံသို့တင်သည့်စာ ဆုံးဖြတ်ချက်မကျသေးသရွေ့ ပါတီလုပ်ငန်းများကို ရပ်ဆိုင်းထားပြီး ပြည်သူ့တာဝန် ကိုသာ ထမ်းဆောင်နေမည်ဟု သဃ်ိန်းကျွန်းမြို့နယ် စည်းရုံးရေးကော်မတီ အတွင်းရေးမှူးဦးမျိုးထွန်းက ပြောသည်။ **(Popular News 221210)** **Read More...**
- ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)မှ အနိုင်ရကိုယ်စားလှယ် စိုင်းမွန်အား ပြိုင်ဘက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ ကိုယ်စားလှယ် ဒေါက်တာစိုင်းခမ်းလှိုင်၏ မတရားစွပ်စွဲ ချက်များကို ကျားဖြူပါတီ ဘက်မှ ခိုင်မာသည့်အချက်အလက်များနှင့် ပြန်လည်စွဲဆိုရန် ပြုလုပ်နေသည်ဟု ကျားဖြူပါတီ ဒု–ဉက္ကဋ္ဌ ဦးဆောင်ဆီက ပြောသည်။ **(Irrawaddy 221210)** **Read More...**
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **(AMRDP)** သည် မကြာမီပေါ်ပေါက်လာမည့် လွှတ်တော်ထဲ၌ သတ္တိရှိရှိ ပြောဆို ဆွေးနွေးသွားမည့် ကိစ္စများအတွက် အနိုင်ရကိုယ်စားလှယ်သီးသန့် အစည်းအဝေးကို ဒီဇင်ဘာလ ၂၇ ရက် နှင့်၂၈ ရက်များတွင် ပြုလုပ်သွားမည်ဟု ပါတီ ဉက္ကဋ္ဌ ဦးနိုင်ငွေသိန်းက ပြောသည်။ **(Irrawaddy 241210)** **Read More...**
- ဒီမိုကရက်တစ်ပါတီ(မြန်မာ) အနိုင်ရကိုယ်စားလှယ် ဒေါ်တင်တင်မာသည် မဲတစ်ပြားကို ၁၅၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့ သည်ဆိုသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ ကိုယ်စားလှယ် ဦးမြဝင်း၏ စွပ်စွဲချက်ကြောင့် နေပြည် တော် ရွေးကောက်ပွဲကော်မရှင်တွင် ကျပ်ငွေ ၁၀ သိန်းဖြင့် ထုချေလွှာတင်ခဲ့ရပြီး ဒီဇင်ဘာ ၂၉ ရက်နေ့တွင် စတင်စစ်ဆေး မည်ဟု ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဉက္ကဋ္ဌ ဦးသုဝေက ပြောသည်။ **(VOA 221210)** **Read More...**

## ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များ

- တစ်သီးပုဂ္ဂလကိုယ်စားလှယ် နှစ်ဦးဖြစ်သော ဦးရန်ကျော် (ပုဇွန်တောင်မြို့နယ်)နှင့် ဦးဘတင့်ဆွေ (မြောက်ဉက္ကလာပ မြို့နယ်) တို့သည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ရသော်လည်း နိုင်ငံရေးလမ်းကြောင်းပေါ် ဆက်လက်ရှိနေမည်ဖြစ်ပြီး ရွေးကောက်ပွဲကာလအတွင်း ရင်းနှီးခဲ့သော ပြည်တွင်း၊ ပြည်ပ မီဒီယာများနှင့် မိတ်ဆုံစားပွဲ ကျင်းပရန်အတွက် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် စီစဉ်ထားသည်။ **(Popular News 221210)** **Read More...**

## မီဒီယာအခန်းကဏ္ဍ

- စာပေစိစစ်ရေးက ဒေါ်အောင်ဆန်းစုကြည်နှင့် သတင်းဂျာနယ်များ၏ အယ်ဒီတာများကိုယ်တိုင် တွေ့ဆုံမေးမြန်း ခန်းများကို ဆိုင်းငံ့မှတ်ချက်များဖြင့် ပယ်ချခဲ့သော်လည်း နောက်တစ်ပါတ် ထုတ်ဝေမည့် ဂျာနယ်များထဲတွင် ဖော်ပြနိုင်ရန် အတွက် ပြန်လည်တင်ပြရန်ရှိသည်ဟု ဗီးနစ်ဂျာနယ်တာဝန်ခံတစ်ဦးက ပြောသည်။ **(VOA 211210)** **Read More...**
- အမေရိကန်နိုင်ငံ နာမည်ကျော် **Forbes** မဂ္ဂဇင်းနှင့် **New Yorker** မဂ္ဂဇင်းများအပါအဝင်၊ စပိန်နိုင်ငံ ရုပ်မြင်သံ ကြားဌာန တစ်ခုတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်ရှိရာ ရွှေဂုံတိုင်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီဇင်ဘာ ၂၂ ရက်နေ့တွင် လာရောက် တွေ့ဆုံ မေးမြန်းခဲ့သည်ဟု **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 221210)** **Read More...**
- မြန်မာနိုင်ငံ ပြည်တွင်း၊ပြည်ပ သတင်းမီဒီယာသမားများအနေဖြင့် အဓိကဖြစ်ရပ်ကြီး ၂ ခုဖြစ်သော ရွေးကောက်ပွဲနှင့် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်လာသည့် သတင်းများကို ဆင်ဆာဖြတ်တောက်မှုနှင့် ပိတ်ပင်ကန့်သတ်ချက်များ ကြားမှ လွန်ခဲ့သောသတင်းပါတ်အတွင်း ရေးသားထုတ်လွှင့်နိုင်ခဲ့သည်ဟု ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြားသတင်း ထောက်များအဖွဲ့ **RSF** ၏ ဒီဇင်ဘာ ၂၂ ရက်နေ့ထုတ် အစီရင်ခံထဲတွင် ဖော်ပြထားသည်။ **(VOA 221210)** **Read More...**
- သတင်းနှင့် စာပေ ဆင်ဆာဖြတ်မှုဥပဒေများကို မကြာမီ ပေါ်လာမည့် ပါလီမန်သစ်မှ ဖျက်သိမ်းပေးရန် နယ်ခြားမဲ့သတင်း သမားအဖွဲ့နှင့် မြန်မာသတင်းသမဂ္ဂတို့က ဒီဇင်ဘာ ၂၂ ရက်နေ့စွဲဖြင့် ပူးတွဲကြေညာချက်ထုတ် တောင်းဆိုလိုက်သည်။ **(VOA 221210)** **Read More...**



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ကုလသမဂ္ဂ၏ အနုမြူ စောင့်ကြည့်ရေးအဖွဲ့ကြီးဖြစ်သော အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင် အေဂျင်စီ **(IAEA)** က မြန်မာနိုင်ငံတွင် အနုမြူစက်ရုံများ ရှိနေသည်ဟု စွပ်စွဲပြောဆိုခြင်းခံနေရသောနေရာများသို့ လာရောက်စစ်ဆေးခွင့်ပြုပါရန် မြန်မာစစ်အစိုးရကို မကြာသေးမီက စာရေးသားတောင်းဆိုခဲ့သည်ဟု အမည်ဖော်ပြမထားသော အမေရိကန်အရာရှိများ၏ပြောဆိုချက်ကို ကိုးကားပြီး ဝေါလ်စထရိဂျာနယ်က ရေးသားထားသည်။ **(Mizzima 231210)** [Read More...]

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ဥရောပသမဂ္ဂ **EU** က မြန်မာနိုင်ငံရှိ ဆိုင်ကလုံးဂီရိဒဏ်သင့် ဒုက္ခသည်များအတွက် အရေးပေါ် အကူအညီငွေ ယူရိုငွေ ၃ သန်းကို နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအေဂျင်စီများမှတဆင့် ထောက်ပံ့ပေးအပ်သွားမည်ဟု **EU** ကော်မရှင်က ဒီဇင်ဘာ ၂၁ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်လိုက်သည်။ **(VOA 211210)** [Read More...]

### (ခ) အစိုးရများ

- အိန္ဒိယအစိုးရသည် သဘာဝဓါတ်ငွေ့ ဝယ်ယူရရှိရေးနှင့်ပတ်သက်ပြီး မြန်မာစစ်အစိုးရ၏ လိမ်ညာလှည့်ဖျားခြင်းကို ခံနေရသည်ဟု အိန္ဒိယနိုင်ငံခြားရေးအရာရှိ **Mohan Kumar** က ပြောဆိုခဲ့ကြောင်း အမေရိကန်သံရုံး လျှို့ဝှက်ကြေးနန်းမှတ်တမ်းတစ်ခုတွင် ပါရှိသည်ဟု **WikiLeaks** အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ **(RFA 191210)** [Read More...]
- အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မီရဲလ်ပိုစ်နာနှင့် အဖွဲ့သည် ဒီဇင်ဘာလ ၁၈ ရက်နေ့က ထိုင်း–မြန်မာနယ်စပ် အခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း **AAPP** အပါအဝင် အခြားအဖွဲ့အစည်း ၃ ဖွဲ့နှင့် လာရောက်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေး၊ နိုင်ငံရေး၊ နယ်စပ်နှင့် တိုင်းရေးသားဒေသအတွင်း ဖြစ်ပွားနေသည့် တိုက်ပွဲအခြေအနေများနှင့်ပတ်သက်ပြီး ဆွေးနွေးမေးမြန်းခဲ့ကြောင်း **AAPP** တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်က ပြောသည်။ **(DVB 191210)** [Read More...]
- အိန္ဒိယနိုင်ငံ အာဏာရ အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီ **India National Congress** ၏ ပါတီမျက်နှာစုံညီ အစည်းအဝေးမှ ချမှတ်ခဲ့သည့် နိုင်ငံခြားမူဝါဒရေးရာဆုံးဖြတ်ချက်တွင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာခြင်းကို ကြိုဆိုလိုက်ပြီး မြန်မာနိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ရန် မျှော်လင့်ကြောင်းကို ထည့်သွင်းဖော်ပြခဲ့သည်။ **(Mizzima 231210)** [Read More...]
- အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **NLD** အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ်ခေးလ် အမ်.ဂျီလက်ဇ်က ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် လာရောက်တွေ့ဆုံခဲ့ကြောင်း **NLD** ပါတီ ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ **(RFA 231210)** [Read More...]
- အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီ နာတာလီဂဝါ **(Marty Natalegawa)** သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီဇင်ဘာ ၂၁ ရက်နေ့က တယ်လီဖုန်းမှတဆင့် ဆက်သွယ်စကားပြောရာတွင် မြန်မာ့နိုင်ငံရေးကို အဖြေရှာရာ၌ ဒေါ်အောင်ဆန်းစုကြည် ၏ အခန်းကဏ္ဍကို ဖျောက်ဖျက်ထား၍မရ ပါဝင်ရမည်ဟု ပြောကြားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ မိုက်ကယ်တန်းန်က ပြောသည်။ **(VOA 221210)** [Read More...]
- ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတို ရိုမူလိုက ရှေ့နှစ်တွင် နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း၏ တာဝန်မှ ရပ်နားမည့် နှုတ်ဆက်ပွဲကို တက်ရောက်ရန် မြန်မာနိုင်ငံသို့ လာရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရန် မျှော်လင့်ထားသည်ဟု ပြောကြားလိုက်သည်။ **(DVB 221210)** [Read More...]



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- နိုဘယ်လ်ဆုရ အိန္ဒိယစီးပွားရေးပညာရှင် အမတ်တယာဆန်က မြန်မာနိုင်ငံတွင် အာဏာရှင်စံနစ်နှင့် အုပ်ချုပ်နေသည့်အတွက် တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့သည် ငွေကြေးအမြောက်အမြား အကျိုးဖြစ်ထွန်းနေပြီး စစ်အစိုးရအား အရေးယူပိတ်ဆို့မှုများ လုပ်သင့်ကြောင်းနှင့် ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရေးကို အားပေးသင့် ကြောင်း ထိုင်းဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ **(BBC 201210)** Read More...
- မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ကျောင်းသားများကို လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် ပြုရေး ဥပဒေကို ပြင်ဆင်ဖြည့်စွက်ပေးရန်နှင့် သုံးပွင့်ဆိုင်ဆွေးနွေးရေးစတင်ရန် စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်တွင်းမှ တက္ကသိုလ်ကျောင်းသားများနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး လိုလားသူများ **(M.D.C)** အဖွဲ့မှ စာရေးသား ပေးပို့တောင်းဆိုထားကြသည်။ **(Mizzima 211210)** Read More...
- ရန်ကုန်အခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ **ICRC** မှ ကိုယ်စားလှယ် ၄ ဦးသည် ဒေါ်အောင်ဆန်း စုကြည်၏ နေအိမ်၌ ဒီဇင်ဘာ ၂၁ ရက်နေ့ နေ့လည် ၂ နာရီတွင် လာရောက်တွေ့ဆုံပြီး နိုင်ငံရေး အကျဉ်း သားများ ကူညီစောင့်ရှောက်ရေးကိစ္စကို အဓိက ဆွေးနွေးခဲ့ကြသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်က ပြောသည်။ **(VOA 211210)** Read More...
- တောင်ကိုးရီးယားနိုင်ငံထုတ် နာမည်ကြီးသတင်းစာတစ်စောင်၏ ဒီဇင်ဘာလ ၂၀ ရက်နေ့ထုတ် အထူးသတင်းအနေဖြင့် ကွယ်လွန်သူ တောင်ကိုရီးယား သမတဟောင်း ကင်မ်ဒဲဂျုန်၏ဇနီး မစ္စ ယီဟီဟိုနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ အပြန်အလှန်ပေးစာများကို ဖော်ပြခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ–ကိုရီးယား ဌာနခွဲ) ပြန်ကြားရေးတာဝန်ခံ ကိုရန်နိုင်ထွန်းက ပြောသည်။ **(RFA 211210)** Read More...

---

***End of report/ Saturday, December 25, 2010***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!